တော်ကြဲ(တုံကီ)ကျေးရွာ

နန်းယွန်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၉-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

တော်ကြဲ(တုံကီ)ကျေးရွာ ၊ နန်းယွန်းမြို့နယ်

(စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ် နိုဝင်ဘာလ ရက်

မာတိကာ

စကားချီး

သဘာဝ သယံဇာတ အရင်းအမြစ် အခြေပြမြေပုံ ။
ရာသီခွင်ပြ ပြက္ခဒိန် ။
ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း ။

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် အစီအစဉ်

၁။ **နိဒါန်း**

(က) ရည်ရွယ်ချက်နှင့် အကျိုးအကြောင်း ဖော်ပြချက် ။
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ။

၂။ **ကျေးရွာ၏ ပထဝီ အနေအထားနှင့် သဘာဝအရင်းအမြစ်များ**

(က) တည်နေရာ ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၊
(ခ) သဘာဝ အရင်းအမြစ်များ ။

၃။ **ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ**

(က) လူဦးရေဆိုင်ရာ အချက်အလက်များ ၊
(ခ) စီးပွားရေးအခြေအနေ ဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု ၊
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ၊
(ဃ) ကျန်းမာရေးနှင့် အာဟာရ ၊
(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ ၊
(စ) ကျား - မ ဆိုင်ရာ ဆက်နွယ်မှုများ ။

၄။ **ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ**

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် ၊
(ခ) သီးနှံ ၊ သားငါးထုတ်လုပ်ရေး ကဏ္ဍ ၊
(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ၊
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု ၊
(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ၊
(စ) ပညာရေး ၊ ကျန်းမာရေး ၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး ၊
(ဆ) လူငယ်နှင့်ယဉ်ကျေးမှု ၊
(ဇ) အခြေခံအဆောက်အဦးများအား လက်လှမ်းမီမှု လမ်းတံတား ၊ လျှပ်စစ်မှုအား ၊ သတင်း နှင့်ဆက်သွယ်ရေး ၊
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ။

၅။ **ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၊ အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၊

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၊

၆။ **ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့်ဗျူဟာ**

(က) ဖွံ့ဖြိုးရေးပန်းတိုင် ၊

(ခ) အကောင်အထည်ဖော် နည်းဗျူဟာ ။

၇။ **ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ**

(က) ဦးစားပေးစီမံချက်များ ၊

(ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ ။

၈။ **ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းများနှင့် အစီအစဉ်များ**

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များစာရင်း ၊

(ခ) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၏ အခန်းကဏ္ဍ ၊

(ဂ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများ ၊

(ဃ) ကျေးရွာဖွံ့ဖြိုးရေး ကွင်းဆက်များ ။

အပိုင်း(ခ)

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

ဇယား(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ ၊

ဇယား(၂) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ် အခြေအနေ ၊

ဇယား(၃) ခါတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ ၊

ဇယား(၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ ၊

ဇယား(၅) ဥစ္စာဓနအဆင့် အခြေအနေ ၊

ဇယား(၆) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု ၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု ၊

ဇယား(၇) အဓိကသီးနှံများနှင့် အထွက်နှုန်း ၊

ဇယား(၈) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှု အခြေအနေ ၊

ဇယား(၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ ၊

ဇယား(၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု ၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ ၊

ဇယား(၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ ၊

ဇယား(၁၂)　ရေကြောင်း သယ်ယူပို့ဆောင်ရေး အခြေအနေ ၊
ဇယား(၁၃)　သယ်ယူပို့ဆောင်ရေး ယာဉ်များ ၊
ဇယား(၁၄)　လျှပ်စစ်မီးရရှိမှု အခြေအနေ ၊
ဇယား(၁၅)　ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာအခြေအနေ ၊
ဇယား(၁၆)　ကျောင်းတက်နှုန်း ၊
ဇယား(၁၇)　စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ ၊
ဇယား(၁၈)　အဖြစ်များသော ရောဂါများ ၊
ဇယား(၁၉)　လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှုံမှု ၊
ဇယား(၂၀)　ကျန်းမာရေး အထောက်အပံ့များနှင့် ဝန်ဆောင်မှုများ ၊
ဇယား(၂၁)　သောက်သုံးရေ ရရှိမှု ၊
ဇယား(၂၂)　အိမ်သာအမျိုးအစား ၊
ဇယား(၂၃)　ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ် အခြေအနေ ၊
ဇယား(၂၄)　သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ အခြေအနေ ၊
ဇယား(၂၅)　ကျား - မ ရေးရာ

စကားချီ

၁။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်ထိ (၅)နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာရှိ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ရေးဆွဲထားသော နှစ်ရှည်ဒေသဖွံ့ဖြိုးရေးစီမံချက် စာအုပ်ဖြစ်ပါသည် ။ ရှေးဦးစွာ စီမံချက်ဖြစ်မြောက်စေရေးအတွက် လိုအပ်သည့်နည်းပညာများကို ပံ့ပိုးကူညီပေးပါသော စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၊ နန်းယွန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို အထူးပင်ကျေးဇူးတင်ရှိပါသည် ။ ကျေးရွာရှိ အခြေခံအချက်အလက်များနှင့် လူမှုစီးပွားကဏ္ဍများကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ကျေးရွာရှိ ဝန်ထမ်းများကို ကျေးဇူးတင်ရှိပါသည် ။

၂။ ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျွန်ုပ်တို့ကိုယ်တိုင်ပါဝင်ကာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများရှိခဲ့သော်လည်း စနစ်တကျ အစီအစဉ်များရေးဆွဲခြင်း ၊ လုပ်ငန်းလုပ်ဆောင်မည့် ကဏ္ဍများကို ကျေးရွာရှိ ပြည်သူလူထုနှင့်ပူးပေါင်း၍ ရွေးချယ်ဆောင်ရွက် ခဲ့ခြင်းများမရှိခဲ့ပါ ။ ကျေးရွာရှိ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုများကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင် ၊ ဆွေးနွေး ၊ ညှိနှိုင်းကာ ကျေးရွာ၏ လိုအပ်ချက်များကို အဖြေရှာရမည်ဟူသော အသိပညာကို ကျွန်ုပ်တို့ရရှိခဲ့သည့်အတွက် များစွာ ဝမ်းသာပီတိ ဖြစ်ရပါသည် ။ ထို့ကြောင့် ပြည်သူလူထု၏ အသိပညာများနှင့် နည်းပညာများကို မျှဝေကူညီ ပံ့ပိုးပေးပါသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကိုပင် ထပ်လောင်းကျေးဇူးတင်မိပါသည် ။ စီမံကိန်း၏ လုပ်ငန်းစဉ်များကြောင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များ ရေးဆွဲရာတွင် ကျေးလက်အခြေပြု ကိန်းဂဏန်းအချက်အလက်များနှင့် သတင်းအချက်အလက်များ၏ အရေးပါမှုများကို သိရှိရသည့်အပြင် ထပ်မံ ပြင်ဆင်ထားရှိရမည့် အချက်အလက်များ၊ ပြန်လည်ပြင်ဆင်ထားရှိရမည့် လူမှုရေးကဏ္ဍများ နှင့် စည်းလုံးညီ ညွတ်စွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပါက အောင်မြင်မည်ဟူသော အကြောင်းတရားများကို သိရှိခဲ့ရပါသည် ။

၃။ ကျွန်ုပ်တို့ ကြိုးစား၍ တတ်စွမ်းသမျှ ရေးဆွဲထားသော ဤစီမံချက်တွင် ကျေးရွာ၏ အခြေခံလူမှုစီးပွား အဆောက်အအုံများနှင့် လူနေမှုအဆင့်အတန်းများကို ဂရုတစိုက် ရေးသားဖော်ပြထားပါသည်။လုပ်ငန်း များလုပ်ဆောင်ရာတွင်လည်း ဒေသအနေဖြင့် ကြုံတွေ့နိုင်သည့် အခက်အခဲများ ၊ စိန်ခေါ်မှုများနှင့် မမျှော် မှန်းနိုင်သော အဟန့်အတားများကိုပင် ဖော်ပြထားပါသည် ။ သို့မှသာ စီမံကိန်းအကောင်အထည်ဖော်ဆောင် ရွက်မည့် ဒေသနှင့်လုပ်ငန်းများကြား ပြုပြင်ပြောင်းလဲရမည့်ကဏ္ဍများကို ညှိနှိုင်းနိုင်မည် ဖြစ်ပါသည် ။

၄။ စီမံချက်ရေးဆွဲထားသော လုပ်ငန်းများမှာ ကျေးရွာအနေဖြင့် အမှန်တကယ်လိုအပ်သော လုပ်ငန်း များဖြစ်သကဲ့သို့ ကျွန်ုပ်တို့အနေဖြင့်လည်း လုပ်ငန်းများ စဉ်ဆက်မပြတ် လုပ်ဆောင်ရေးကို အလေးထား ဆောင်ရွက်သွားလိုပါသည် ။ ဦးစီးဌာနအနေဖြင့်လည်း ကျေးရွာရှိ ပြည်သူလူထုအပေါ် အကူအညီများစွာ ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဟုလည်း ယုံကြည်နေပါသည် ။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
နန်းယွန်းမြို့နယ်

ရက်စွဲ ၊ ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ရက်

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များ

(၁) နိဒါန်း

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ များနှင့် နိုင်ငံတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်သော အဖွဲ့အစည်းများ၏ အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးရှိ ကျေးရွာများကို ဒေသဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ရေးဆွဲသောစီမံကိန်းဟု သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဆုံးအကြိမ် ရေးဆွဲထားသော ဤဖွံ့ဖြိုးရေးစီမံကိန်းစာအုပ်တွင် ရွာရှိကျေးရွာ ပြည်သူလူထုမှ တက်ကြွစွာ ပူးပေါင်းပါဝင်၍ ရေးဆွဲထားပါသည် ။ ထိုစီမံကိန်းရေးဆွဲမှုပင် ကျွန်ုပ်တို့သည် ရွာရှိ အခြေခံ စာရင်းအချက်အလက်များ၏ အရေးကြီးမားပုံ၊ ထိုလိုအပ်သော အချက်အလက်များအား မည်ကဲ့သို့ သော အဖွဲ့စည်းများထံမှ ရယူရမည်ဟူသော အသိပညာလည်း ရရှိခဲ့ပါသည် ။ တိကျခိုင်လုံသော သတင်း အချက်အလက်များ ရရှိမှသာ လုပ်ငန်းများ လုပ်ဆောင်ရာ တွင် အဆင်ပြေမည်ဟူသော အသိတရားလည်းရရှိ ခဲ့ပါသည် ။

ဤဖွံ့ဖြိုးရေးစာအုပ်တွင်ကျေးရွာ၏ လက်ရှိလူနေမှုအဆင့်အတန်းများ၊ ပညာတတ်မြောက်မှု နှုန်းများ၊ ကျေးရွာရှိ ပြည်သူလူထု၏ အလုပ်အကိုင် အခွင့်အလမ်းများနှင့် ရင်ဆိုင်နေရသော စိန်ခေါ်မှုများ ၊ အခက် အခဲများကို ဖော်ပြထားပါသည် ။ (၅)နှစ်တာကာလအတွင်း ကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လိုသော လုပ်ငန်းများကိုလည်း ဖော်ပြထားပါသည်။ အဆိုပါ လုပ်ငန်းများ လုပ်ဆောင်ရာတွင် အထောက် အကူဖြစ်စေမည့် ကုန်ကြမ်းများကိုလည်း ရရှိနိုင်မည့် သဘာဝသယံဇာတများကိုလည်း ဖော်ပြထားပါသည် ။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့ ကြိုးစားအားထုတ်၍ ရေးဆွဲထားသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာအုပ်အား ကြည့်ရှုလေ့လာခြင်းဖြင့် ကျေးရွာ၏လိုအပ်ချက်များကို ဦးစီးဌာနများမှ ကူညီဆောင်ရွက် ပေးမှုများကိုလည်း မျှော်လင့်နေပါသည် ။

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင် ရွက်ရသည့် လုပ်ငန်းဖြစ်သောကြောင့် စီမံကိန်းအား လူတိုင်းပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပြီး လုပ်ငန်းများ ကိုလည်း ပေါင်းစပ်ညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်နိုင်ပါသည် ။ လူတိုင်းပါဝင်ဆောင်ရွက်သောကြောင့် စီမံ ကိန်းအပေါ် အမြင်မရှင်းလင်းမှုများလည်း မရှိနိုင်သလို ၎င်းတို့ကိုယ်တိုင် ရွေးချယ်ထားသော လုပ်ငန်းများ ဖြစ်သောကြောင့် အမြင်မကြည်မှုများလည်း မဖြစ်နိုင်ပါ ။

ကျေးရွာသူ/သားများ အနေဖြင့်လည်း အဖွဲ့အစည်းနှင့် လုပ်ကိုင်တတ်သော အလေ့အထများ ဖြစ်ပေါ်ခြင်း ၊ ၎င်းတို့ကိုယ်တိုင် လုပ်ငန်းလုပ်ဆောင်ရသောကြောင့် စီမံခန့်ခွဲနိုင်မှု စွမ်းအား တိုးတက်လာခြင်း ၊ ယုံ ကြည်မှုများ တိုးပွားလာခြင်း စသော အကျိုးကျေးဇူးများလည်း ရရှိလာပါမည် ။ ကျေးရွာလူထု၏ စည်းရုံးမှု၊ လူထု၏ ပူးပေါင်းပါဝင်မှု ၊ ငွေကြေးစိုက်ထုတ်နိုင်မှုများပေါ် မူတည်၍ ကျေးရွာ၏ ဖွံ့ဖြိုးရေးသည်လည်း တိုး တက်လာပါမည် ။

ထို့ကြောင့် စီမံကိန်း၏ အကျိုးကျေးဇူးသည် ကျေးရွာရှိပြည်သူလူထု၏ စွမ်းပကားနှင့် လုပ်ငန်းစွမ်း ဆောင်ရည်ကိုပါ လွှမ်းခြုံသက်ရောက်နိုင်ပါသည် ။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတ အရင်းအမြစ်များ

(က) တည်နေရာ ၊ ရာသီဥတုနှင့် မြေပျက်နာသွင်ပြင် အနေအထား

တော်ကြဲ(တုံကီ)ကျေးရွာသည် နန်းယွန်းမြို့နယ်တွင်တည်ရှိပြီး ၊ ဒုံဟီးမြို့နယ်နှင့် ပန်ဆောင်မြို့ နယ်ကြား လမ်းမကြီးဘေးတွင် တည်ရှိပါသည် ။ဒုံဟီးမြို့နှင့်(၃၅)မိုင် ကွာဝေးပြီး လဟယ်မြို့နှင့် (၃၂)မိုင် ကွာဝေးပါသည် ။ ၎င်းကျေးရွာသည် တောင်ပေါ်ဒေသဖြစ်သည့်နှင့်အညီ တောင်ကမ်းပါး စောင်းတွင် တည်ရှိ ပြီး စိုက်ပျိုးရေးလုပ်ငန်းဖြင့် အဓိက အသက်မွေးဝမ်းကျောင်း ပြုလုပ်ကြပါသည် ။ ကျေးရွာရှိ အိမ်တိုင်းလိုလို တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းကိုလည်း လုပ်ဆောင်ကြပါသည်။ ၎င်းဒေသ၏ ပျမ်းမျှမိုးရေချိန်မှာ (၈၅) လက်မမှ (၉၅)လက်မ ဝန်းကျင်တွင် တည်ရှိပြီး မိုးများသော အရပ်ဒေသတွင် ပါဝင်ပါသည်။ ကျေးရွာသည် တောင်ထိပ်တွင် တည်ရှိသောကြောင့် သာယာအေးချမ်း ပါသည် ။ ကျေးရွာ၏ပတ်ဝန်းကျင်ရှိ တော တောင်များမှ လူထုအတွက် လိုအပ်သော အခြေခံလိုအပ် ချက်များဖြစ်သည့် ထင်း ၊ ဝါး များကိုအသုံးချ၍ အခြေခံလူအသုံးအဆောင်များကိုလည်း ထုတ်လုပ် သုံးစွဲကြပါသည် ။ ရေမြေသဘာဝ ရာသီဥတုသည်လည်း ဒေသနှင့်ကိုက်ညီသည့် ရာသီဥတုဖြစ်သော ကြောင့် အထွက် နှုန်းသည်လည်း သင့်တင့်မျှတသော အနေ အထားတွင် ရှိပါသည် ။ အဆိုပါဒေသတွင် တောင်ကျရေ ကြီးမားခြင်း ၊ မုန်းတိုင်းများ တိုက်ခတ်ခြင်းနှင့် မြေဆီလွှာပျက်ဆီးခြင်းစသော သဘာဝဘေးဒဏ်များသည်လည်း ထိခိုက်မှုကြီးမားခြင်းမရှိသော အခြေ အနေတွင် ရှိပါသည် ။

(ခ) သဘာဝအရင်းအမြစ်များ

တော်ကြဲ(တုံကီ)ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်သောကြောင့် တောင်ယာခုတ်၍ စိုက်ပျိုး ရေးလုပ်ငန်းကိုသာ လုပ်ဆောင်ပါသည် ။ တောင်ယာမြေကို အသင့်အတင့်ပိုင်ဆိုင်ကြပြီး မြေဆီလွှာ သည်လည်း အသင့်အတင့် ကောင်းမွန်ပါသည် ။ တောင်သူများသည် ဒေသနှင့်ကိုက်ညီသည့် သီးနှံများ ကို စိုက်ပျိုးရာ တွင် မိုးရေကိုသာ အဓိကထား စိုက်ပျိုးကြပါသည် ။ ဆန်စပါးကိုသာ အဓိကထား စိုက်ပျိုးကြပါသည်။ အခြားသီးနှံများကိုလည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြပါသည် ။ အခြားဝင်ငွေရ လုပ်ငန်းများအဖြစ် သီးခြား လုပ်ကိုင်ခြင်းမရှိကြသော်လည်း တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများမှ အထိုက်အလျောက် မိသားစု ဝင်ငွေကို ကာမိစေပါသည် ။ တောင်ယာတောများရှိ သဘာဝကုန်ကြမ်း

များကို အသုံးပြု၍ နေအိမ်များတွင် မိသားစု အခြေခံအသုံးအဆောင်များဖြစ်သော တောင်းများ၊ ဖျာများကိုလည်း ယက်လုပ်သောကြောင့် ကုန်ထုတ်လုပ်ငန်းများအဖြစ် ပြောင်းလဲနိုင် သော်လည်း အိမ်ထောင်စု၏ အသုံးအဆောင်ဝယ်ယူခြင်း စရိတ်ကိုမူ ကာမိစေပါသည် ။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်မှု အခြအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၀၀)စုနှင့် ကျား(၂၆၄)၊ မ(၂၇၃)ဦးဖြင့် လူဦးရေပေါင်း (၅၃၇)ဦးရှိကာ တစ်အိမ် ထောင်လျှင် ပျမ်းမျှ (၅)ဦးနှုန်းရှိပါသည် ။ ကျေးရွာတွင် နာဂလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်ကိုင်နိုင်သော လူငယ်/ရွယ်များလည်း ပေါများပါသည် ။ မိရိုးဖလာ တောင်ယာစိုက်ပျိုးရေး ကိုသာ လုပ်ကိုင်ကြပါ သည် ။

(ခ) စီးပွားရေးအခြေအနေ ဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာတွင် အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေကိုန္ဒိုင်းယှဉ်လျှင် သာမန်အနေအထားတွင် တည်ရှိပါသည် ။ အဆင်ပြေသာ အိမ်ထောင်စု သတ်မှတ်မှုတွင် ၂၀ ၊ အလယ် အလတ်ရှိသော အိမ်ထောင်စု သတ်မှတ်မှုတွင် ၃၃ ၊ မပြေလည်သော အိမ်ထောင်စု သတ်မှတ်မှုတွင်၃၇ ၊ အလွန်မပြေလည်သော အိမ်ထောင်စု သတ်မှတ်မှုတွင် ၁၀ ဟု မှတ်ယူကြပါသည် ။တောင်ယာများ၏ အထွက် နှုန်းသည် အသင့်အတင့် အနေအထားတွင် တည်ရှိသောကြောင့် စားဝတ်နေရေးဖူးလုံမှုကို အထောက်အကူ ဖြစ်စေပါသည် ။အလတ်အလတ် အိမ်ထောင်စုများသည် တောင်ယာမြေများကို ပိုင်ဆိုင်ကြပါသည် ။ အလွန် အဆင်မပြေသော အိမ်ထောင်စုများအနေဖြင့် တောင်ယာမြေ ပိုင်ဆိုင်ခြင်း မရှိသော်လည်း ကျပန်းလုပ်ငန်း များ၊ ဆွေမျိုးသားချင်းများ၏ တောင်ယာများကို လုပ်ကိုင်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ဆင်းရဲနွမ်းပါးမှုဒဏ်ကို ခံစားရသော အိမ်ထောင်စုများအနေဖြင့် ကျပန်းလုပ်ငန်းများ လုပ်ကိုင်ခြင်း ၊ ဒေသနှင့် လျော်ညီသည့် လုပ်ငန်းများလုပ်ဆောင်ခြင်း ၊ ရာသီပေါ် သဘာဝအသီး အနှံများ ရှာဖွေခြင်းစသော လုပ်ငန်းများကို လုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းပြုကြပါသည် ။ ထိခိုက်လွယ်မှုမြင့်မားသော အလွန် ဆင်းရဲသော အိမ်ထောင်စုများ ၊ သက်ကြီးရွယ်အိုများ ရှိသော်လည်း ရပ်ရွာလူထုမှ ကူညီစောင့်ရှောက်ခြင်း ၊ ဆွေမျိုးများမှ ကူညီစောင့်ရှောက်ခြင်းများ ရှိသောကြောင့် ထိခိုက်မှုကို အထိုက်အလျောက် ကာကွယ်နိုင်သည့် အခြေအနေတွင်ရှိပါသည် ။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသူ/သားအများစုသည် ကျန်းမာရေးကောင်မွန်သော အခြေအနေတွင် တည်ရှိပါသည်။ ကလေးငယ်အများစုသည်လည်း ကျန်းမာရေးကောင်းမွန်ကြပါသည် ။ တောင်ပေါ်ဒေသဖြစ်သော ကြောင့် ကျန်းမာရေးအသိပညာမှာ နိမ့်ကျသော အနေအထားတွင် ရှိပါသည် ။ ရာသီအလိုက် ဖြစ်လေ့ဖြစ်ထ ရှိသော ရောဂါများကိုလည်း ရှေးရိုးစွဲကုထုံးများနှင့်သာ ကုသလေ့ရှိကြောင်း တွေ့ရှိရပါသည် အရေးပေါ် အခြေအနေများဖြစ်ပေါ်ပါက ဒုံဟီးမြို့ဆေးရုံနှင့် နန်းယွန်းမြို့ဆေးရုံသို့ လာရောက်ကုသကြပါသည် ။ တောင် ယာတွင် စိုက်ပျိုးထားသော အသီးအနှံများကို သာ စားသုံးကြပါသည် ။ အာဟာရချို့တဲ့ရောဂါခံစားရသော ကလေးငယ်များလည်း ရှိပါသည် ။

(င) ပညာရေးနှင့်ကျွမ်းကျင်မှု

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် မူလတန်းအဆင့်ရှိသူများပြားပြီး အလယ်တန်း အဆင့်နှင့် အထက်တန်းအဆင့်ရှိသူ အနည်းငယ်သာ ရှိပါသည် ။ မိရိုးဖလာ စိုက်ပျိုးရေးလုပ်ငန်းကိုသာ လုပ်ကိုင်ကြပြီး အခြားဝင်ငွေရ လုပ်ငန်းများလုပ်ဆောင်ခြင်းမှာ မရှိသလောက် နည်းပါးလှပါသည် ။ အခြားအသက်မွေးဝမ်း ကျောင်းလုပ်ငန်း လုပ်ဆောင်သောလူဦးရေ အနည်းငယ်သာရှိပါသည် ။ အခြေခံပညာကို ကျေးရွာတွင်းရှိ မူလတန်းစာသင်ကျောင်းတွင် လေ့လာသင်ကြားကြပြီး ၊ အလယ်တန်းနှင့်အထက်တန်းအဆင့်များကိုမူ ဒုံဟီးမြို့နယ်နှင့် နန်းယွန်းမြို့နယ်များတွင် ပညာသင်ယူကြပါသည်။ အသက်မွေးဝမ်းကျောင်းပညာမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်/ရွယ်များအနေဖြင့် အလုပ်အကိုင် အခွင့်အလမ်း ရှားပါးဆဲ ဖြစ်ပါသည် ။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

ကျေးရွာတွင် တိုင်းရင်းသားများပီပီ ကျားမရေးရာ နေထိုင်မှုမှာ စနစ်တကျ ရှိပါသည်။ ကျေးရွာတွင်း ပြင်းထန်သော ကျားမရေးရာ ကိစ္စရပ်များ ၊ ရာဇဝတ်ဘေးလုပ်ငန်းများ ၊ ဥပဒေနှင့် ညှိစွန်းသည့် ကိစ္စရပ်များ ဖြစ်ပေါ်ခြင်းမှာ အလွန်ပင်လျော့နည်းလှပါသည်။ ကျေးရွာရှိအုပ်ချုပ်ရေး ဆိုင်ရာ ကိစ္စရပ်များအား အမျိုးသား များက ဦးဆောင်လုပ်ကိုင်ကြ၍ ကျေးရွာ၏ သန့်ရှင်းရေးကဏ္ဍများ ၊ ဘာသာရေးကိစ္စရပ်များကိုမူ အမျိုးသ မီးများကမူ တာဝန်ယူဆောင်ရွက်ကြပါသည် ။ ကျေးရွာတွင် လုပ်ငန်းကိစ္စရပ်များတွင်မူ ဝင်ငွေရရှိရေးမှာ အမျိုးသားများ၏ ဝင်ငွေရရှိမှုသည် အမျိုးသမီးများ၏ ဝင်ငွေရရှိမှုထက် သာလွန်များပြားကြောင်း တွေ့ရှိရ ပါသည် ။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ကျေးရွာတွင်း စီမံအုပ်ချုပ်သော အဖွဲ့အစည်းများ ၊ ဘာသာရေးအဖွဲ့အစည်းများ ၊ အမျိုးသမီးအဖွဲ့ အစည်းများရှိသော်လည်း တိကျသော လုပ်ငန်းတာဝန်ယူဆောင်ရွက်သည့် အဖွဲ့အစည်းများမှာ အလွန်ပင် ရှားပါးလှပေသည်။ လူမှုရေး တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက်မှုလည်း အားနည်းသော အခြေအနေတွင် ရှိပါသည်။

(ခ) သီးနှံ၊သား၊ငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် ဆန်စပါးကိုသာ အဓိကထား စိုက်ပျိုးကြပြီး တောင်ယာ (၄၁၄)ကေကျော် ရှိပါသည်။ တောင်သူအများစုသည် လယ်ယာသုံးလုပ်ငန်းခွင်စက်ကိရိယာများကို ဝယ်ယူနိုင်ခြင်း မရှိဘဲချွန်း၊ ပေါက်တူး၊ ဓါးများဖြင့်သာ အသုံးပြုစိုက်ပျိုးကြသည် ။ ကျေးရွာတွင် ကွဲ ၊ နွား ၊ ဝက် ၊ ကြက် ၊ ဘဲ ၊ဆိတ်စသည့် အိမ်မွေးတိရိစ္ဆာန်များကို တစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။ တိရိစ္ဆာန်များကို မွေးမြူသော်လည်း စနစ်တကျ မွေးမြူခြင်းမရှိခြင်း ၊ ဂရုတစိုက်မွေးမြူခြင်း မရှိခြင်း စသော မွေးမြူရေး အသိပညာပေး အားနည်းသော ကြောင့် လုပ်ကိုင်သလောက် ဖြစ်ထွန်းခြင်း မရှိပါ ။

(ဂ) စိုက်ပျိုးရေး ၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင် လုပ်ငန်းများ

ကျေးရွာတွင် စားသောက်ကုန်ခြောက် ရောင်းဝယ်သော အိမ်ဆိုင် အနည်းငယ်ရှိပြီး ၊ ပစ္စည်းရောင်း ချမှုမှာလည်း လွန်စွာနည်းပါးလွန်းလှပါသည် ။ ကျေးရွာတွင်း နေ့စားလုပ်ငန်းများကို ကျပန်းလုပ်ကိုင်နေ ထိုင်၍ အသက်မွေးဝမ်းကျောင်း ပြုကြပါသည် ။ အလုပ်အကိုင်အခွင့်အလမ်း ပုံမှန်မရှိခြင်း ၊ အလုပ်ရှားပါး ခြင်းများကြောင့် ဝင်ငွေမမှန်ခြင်း များပြားပါသည် ။ ကျေးရွာတွင် လူဦးရေမှာ အလယ်အလတ်အဆင့်တွင် ရှိသော်လည်း လုပ်ငန်းရှားပါးခြင်း ၊ မိရိုးဖလာ လုပ်ငန်းများကိုသာ အဓိကထား လုပ်ဆောင်ခြင်းများကြောင့် ဝင်ငွေတိုးပွားရေး ကဏ္ဍမှာ အားနည်းလျက်ရှိပါသည် ။

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ကြသော ပြည်သူများအနေဖြင့် ဖျက်ပိုး အန္တရာယ်မှ ကင်းဝေးစေရေးအတွက် ဓါတုပိုးသတ်ဆေးများကို အသုံးပြုကြပါသည် ။ သဘာဝနည်းအားဖြင့် ကာကွယ်နိုင်သော လုပ်ငန်းများကို လုပ်ဆောင်ခြင်းများရှိကြပါ ။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလပ် စတစ်အိတ်ခွံများ ၊ ပုလင်းခွံများ ၊ ဗူးခွံများအား စနစ်တကျ စွန့်ပစ်ခြင်းလုပ်ငန်းများ မလုပ်ဆောင်ကြသော ကြောင့် ပတ်ဝန်းကျင် ပျက်စီးမှုကို လှုံ့ဆော်သကဲ့သို့ ဖြစ်ပေါ်နေပါသည် ။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင်တောင်ယာစိုက်ပျိုးရေးလုပ်ကိုင်သူများနှင့်ကျပန်းလုပ်ကိုင်သူများသည် အစိုးရဌာနများ၊ အခြားပြင်ပအဖွဲ့အစည်းများမှ ချေးငွေရရှိခြင်းမရှိပါ ။ ကျေးရွာတွင်း ငွေကြေးအဆင်ပြေလည်သူများထံမှ ချေးငွေရယူနေကြပါသည် ။ ရွာသားအများစုသည် ချေးငွေကို ပညာရေး ၊ ကျန်းမာရေးနှင့် စားနပ်ရိက္ခာများ လိုအပ်ချက်များအတွက် အများဆုံးချေးယူကြကြောင်း တွေ့ရှိရပါသည် ။ဆင်းရဲသော မိသားစုများနှင့် အလွန် ဆင်းရဲသော မိသားစုများအနေဖြင့် ငွေကြေးလိုအပ်မှုနှုန်းမှာ မြင့်မားလျက် ရှိပါသည် ။

(စ) ပညာရေး ၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းသာ ရှိပါသည်။ စာသင်ကျောင်းဆောင် (၁)ဆောင်ရှိပြီး ကျောင်း သားဦးရေနှင့် ကျောင်းဆောင်အဆောက်အဦးမှာ မျှတခြင်းမရှိသော အခြေအနေတွင် တည်ရှိပါသည် ။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိပါ ။ထို့ကြောင့် ကျန်းမာရေးကိစ္စရပ်များ ရှိပါက ရန်စီကျေးရွာ ကျန်းမာရေးဆေးပေးခန်းတွင် သွားရောက်ကုသခြင်း၊ ဒုံဟီးမြို့နယ် ဆေးရုံသို့ သွားရောက် ကုသခြင်းများ ရှိပါသည် ။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်သည့် တည်နေရာ အနေအထားရှိပါသည် ။ ရွာသူ/သားများသည် ကျေးရွာတွင်းရှိ လူမှုရေးလုပ်ငန်းများ ၊ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဘာသာရေး လုပ်ငန်းများ၊ သာရေး၊ နာရေးကိစ္စရပ်များတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါသည် ။ ရိုးရာယဉ်ကျေးမှု ဓလေ့၊ထုံးစံ များကိုလည်း ဝိုင်းဝန်းတက်ကြွစွာ ပူးပေါင်းထိန်းသိမ်းကြပါသည် ။

(ဇ) အခြေခံအဆောက်အဦးများအား လက်လှမ်းမှီမှု (လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက် သွယ်ရေး)

ကျေးရွာသည် လဟယ်နှင့် ဒုံဟီးမြို့နယ် နှစ်ခုကြားတွင် တည်ရှိသောကြောင့် လမ်းပန်းဆက်သွယ် ရေးသည် သင့်တင်မျှတသော အနေအထားတွင် ရှိပါသည် ။ လျှပ်စစ်မီးမရရှိသောကြောင့် ဆိုလာစနစ်ကိုသာ အသုံးပြုကြပါသည် ။ကျေးလက်သဘာဝအလျောက် လောင်စာစွမ်း အင်ကိုသာ အဓိကထား သုံးစွဲကြပါသည် ။ တယ်လီဖုန်းဆက်သွယ်ရေးမှာ ရာသီဥတုအပေါ် အလွန်မှီတည် သောကြောင့် သတင်းအချက်အလက် များအား အချိန်နှင့်တပြေးညီမရရှိနိုင်ပါ ။

(စျ) တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်မှု နည်းပါးလှပါသည် ။ ရွာသားများတွင် မူးယစ်ဆေးဝါး သုံးစွဲမှုများ ရှိသော်လည်း ပြဿနာဖြစ်နိုင်မှုများပြားသော လွန်ကျူးသည့် အခြေအနေတွင် မရှိပါ ။ သဘာဝဘေး အန္တရာယ်များ ကျရောက်ပါက တုံ့ပြန်နိုင်စွမ်းအားကောင်းသော စီမံချက်ရေး ဆွဲထားခြင်းများ မရှိပါ ။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာတွင် လမ်းပန်းဆက်သွယ်ရေးသည် လမ်းမကြီးဘေးတွင် တည်ရှိနေသောကြောင့် ခက်ခဲသော အခြေအနေတွင် မတည်ရှိသော်လည်း မိုရိုးဖလာ လုပ်ကိုင်စားသောက်ကြသောသူများ ဖြစ်သောကြောင့် စီးပွားရေး ခက်ခဲမှု ပြဿနာကို အမြန်ဆုံးဖြေရှင်းနိုင်သည့် အခြေအနေများတွင် တည်ရှိပါသည်။ ကျေးရွာ တွင် လူဦးရေ၏ (၆၅%) သည် လူငယ်/ရွယ်များဖြစ်သောကြောင့် အလုပ် အကိုင်အခွင့်အလမ်းများ ရှိပါက လုပ်ငန်းလုပ်ဆောင်နိုင်သော အနေအထားတွင် တည်ရှိပါသည် ။ ကျန်းမာသန်စွမ်းသော လူများသောကြောင့် ကျန်းမာရေးရှုထောင့်အနေဖြင့် အားနည်းသော အနေအထားတွင် ရှိပါသည် ။ ကျန်းမာရေးဖောက်ပြန်ပါက မိရိုးဖလာ ဒေသရိုးစွဲကို အခြေခံ၍ ဦးစွာ ကုသကြပါသည် ။

တောင်ယာမြေများသည် တောင်စောင်းကမ်းပါးများတွင် တည်ရှိသော်လည်း မြေဆီလွှာအသင့် အတင့် ကောင်းမွန်ကြပါသည်။ မိုးရွာသွန်းမှုမှာ စပါးနှင့်အခြားဆောင်းသီးနှံများ စိုက်ပျိုးရန်အတွက် အထောက်အပံ့ ဖြစ်စေပါသည် ။တောင်ယာထွက်ကုန်နှင့် ရာသီပေါ်သီးနှံများကိုလည်း မြို့နှင့်နီးသောကြောင့် အလွယ်တကူရောင်းချနိုင်ပါသည် ။ သို့သော်လည်း ဈေးကွက်ချိတ်ဆက်မှုမှာ မျှော်မှန်းထားသည်ထက် ဆိုး ဝါးသော အခြေအနေတွင် တည်ရှိပါသည် ။ ကျေးရွာတွင်းတွင် ရောင်းချပါက လက်ရှိပေါက်ဈေးထက် နှိမ့်ကျ သောဈေးနှုန်းများဖြင့် ရောင်းချရသည်ကို တွေ့ရှိရပါသည်။

ကျေးရွာတွင် ကွဲ ၊ နွား ၊ ကြက် ၊ ဝက် ၊ ဘဲ နှင့်ဆိတ် စသည့် တိရိစ္ဆာန်များကို တစ်နိုင်တစ်ပိုင် မွေးမြူ ကြပါသည် ။ကြက်နှင့်ဝက်များကို စီးပွားဖြစ် မွေးမြူနိုင်သည့် အနေအထားတွင် ရှိသော်လည်း အရင်းအနှီး လိုအပ်ချက်များကြောင့် အခက်အခဲရှိနေသည်ကို တွေ့ရှိရပါသည် ။

ကျေးရွာတွင် မူးယစ်ဆေးဝါးကျရောက်နိုင်သည့် အလားအလာရှိနေသော်လည်း ကြီးမားသော ပြဿနာတစ်ရပ်တစ်ခုအနေဖြင့် တည်ရှိမနေပါ ။ ဆက်သွယ်ရေးကဏ္ဍတွင်မူ သတင်းအချက်အလက်များကို ပေးပို့ရာတွင် ဆက်သွယ်ရေးလိုင်းသည် အရေးကြီးသောအခြေခံ အကြောင်းတရားအဖြစ် တည်ရှိနေပါသည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှုများ

ကျေးရွာရှိ တောင်ယာမြေများကို တိုးချဲ့စိုက်ပျိုးနိုင်သော်လည်း စိုက်ပျိုးရေးနည်းပညာပံ့ပိုးမှု မရှိသောကြောင့် အထွက်နှုန်းမှာ လျော့နည်းလျက်ရှိပါသည် ။ မိရိုးဖလာစိုက်ပျိုးရေးကိုသာ သုံးစွဲစိုက်ပျိုးကြပါ သည် ။ အသိပညာတိုးမည့် အစီအစဉ်များ ၊ ပညာပေးသင်တန်းများလည်း မရှိသောကြောင့် ကျေးရွာရှိ ပြည် သူလူထု၏ အသိပညာဖွံ့ဖြိုးရေးမှာလည်း နိမ့်ကျလျက်ရှိပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့် (၅)နှစ်တာ ကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည် -

(၁) ကျွန်ုပ်တို့၏ ကျေးရွာသည် ခေတ်မီသော စိုက်ပျိုးရေးနည်းဗျူဟာများ ၊ ဆေးဝါးများ ၊မျိုးကောင်း ၊ မျိုးသန့်များ ရရှိပြီး တောင်သူလယ်သမားတို့၏ ဇွဲ ၊ လုံ့လ ၊ ဝီရိယများဖြင့် ထုတ်ကုန်(၂)ဆ တိုးမြှင့်လာနိုင်စေရမည် ။

(၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သောပညာရေးမှတဆင့် ကလေး ငယ်များ၏ စွမ်းဆောင်ရည် နယ်ပယ်ကို ကျယ်ဝန်းလာစေရမည် ။

(၃) ကျွန်ုပ်တို့ရွာလူထုသည် ပညာရေး ၊ ဘာသာရေး ၊ လူမှုရေး ၊ကျန်းမာရေးစသည့် အဖွဲ့အစည်း များ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အတူတကွ လက်တွဲဆောင်ရွက်ခြင်းဖြင့် စည်းလုံးညီညွတ် သောစံပြကျေးရွာ ဖြစ်လာစေရမည် ။

(ခ) အကောင်အထည်ဖော်မည့် နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင် ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိနိုင်ရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြပါမည် ။

(၁) ကျေးရွာတွင် အရင်းအနှီးငွေများ ၊ နည်းပညာအသုံးချနိုင်စွမ်းများ ရရှိအောင် တိုးချဲ့ဆောင် ရွက်သွားပါမည် ။

(၂) အသေးစားချေးငွေလုပ်ငန်းများနှင့် ချေးငွေများ ရရှိရေးအတွက် မြို့နယ်ရှိ သက်ဆိုင်ရာအဖွဲ့ အစည်းများ ၊ ရင်းနှီးမြှုပ်နှံမည့် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကျေးရွာအကျိုးကို သယ်ပိုး ဆောင်ရွက်သွားပါမည် ။

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ်အောက်	နို့စို့အရွယ်	၁၁	၁၀	၂၁
၁ နှစ်မှ ၄ နှစ်အထိ	၅ နှစ်အောက် ကလေးငယ်	၄၅	၂၅	၇၀
၅ နှစ်မှ ၉ နှစ်အထိ	မူလတန်း ကျောင်းသားအရွယ်	၃၅	၅၅	၉၀
၁၀ နှစ်မှ ၁၄ နှစ်အထိ	အလယ်တန်း ကျောင်းသားအရွယ်	၄၀	၄၅	၈၅
၁၅ နှစ်မှ ၆၄ နှစ်အထိ	အလုပ်လုပ်နိုင်သည့် အရွယ်	၁၂၅	၁၂၅	၂၅၀
၆၅ နှစ် အထက်	သက်ကြီး၊ ရွယ်ကြီး	၈	၁၃	၂၁
စုစုပေါင်း		**၂၆၄**	**၂၇၃**	**၅၃၇**
စုစုပေါင်း အိမ်ထောင်စု		**၂၆၄**	**၂၇၃**	**၅၃၇**

ရင်းမြစ် ...(၁)အိမ်ထောင်စုစာရင်း ကောက်ယူမှု ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ။

လေ့လာတွေ့ရှိချက် ။ ။ တော်ကြဲ(တုံကီ)ကျေးရွာတွင် အိမ်ခြေ(၁၀၀)အိမ် အိမ်ထောင်စု(၁၀၀) စုရှိ ပြီး လူဦးရေ(၅၃၇)ဦးရှိပါသည် ။ မိရိုးဖလာ စိုက်ပျိုးရေးကို အခြေခံ၍ စိုက်ပျိုးကြပြီး ၊ နေအိမ်များတွင် တစ် နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများကို လုပ်ဆောင်ကြပါသည် ။

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတု အခြေအနေ

(၂.၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်များ

ဇယား(၂) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ် အခြေအနေ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (ကောင်း/သင့်/ညံ့)	ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သောရေအရင်း အရင်းအမြစ်(မြေအောက် ရေ၊ ချောင်း၊ မြစ်၊စိမ့်စမ်း)
လယ်မြေ	၁၁	သင့်	အနည်းအကျဉ်း	စိမ့်စမ်း၊ချောင်း
ယာမြေ	၃၉၉	သင့်	အနည်းအကျဉ်း	စိမ့်စမ်း
ဥယျာဉ်ခြံမြေ	-	-	-	-
အိမ်ခြံဝင်းစိုက်ခင်း	-	-	-	-
ကိုင်း/ကျွန်းမြေ	-	-	-	-
စားကျက်မြေ	၂၈၅	သင့်	အနည်းအကျဉ်း	စိမ့်စမ်း၊ချောင်း
ပလပ်မြေ	-	-	-	-
သစ်တောမြေ	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု ။

လေ့လာတွေ့ရှိချက် (အခက်အခဲ ၊ စိန်ခေါ်မှုနှင့်အခြား) ။ ။ အဆိုပါကျေးရွာရှိ တောင်ယာမြေများသည် တောင်ပေါ်ဒေသတွင် တည်ရှိပြီး မြေစာရင်းဦးစီးဌာနမှ ထုတ်ပြန်ထားသော ပုံစံ(၇)မရှိသော်လည်း တောရိုင်း များကို ခုတ်ထွင်ရှင်းလင်း၍ လုပ်ငန်းလုပ်ဆောင်ကြသောကြောင့် အိမ်တိုင်းနီးပါး တောင်ယာမြေကို ပိုင်ဆိုင် ကြ ပါသည် ။မြေဆီလွှာမှာ သင့်တင့်မျှတသော အနေအထားတွင် တည်ရှိပြီး ၊ အဆိုပါစိုက်ပျိုး မြေများအတွက် ရေရ ရှိမှုမှာ မိုးရေကိုသာ အဓိကအားထားကြရပါသည် ။ စားကျက်မြေ များ ရှိသော်လည်း စီးပွားဖြစ်တိရစ္ဆာန် မွေးမြူခြင်းများမရှိပါ ။

(၂.၂) ဓါတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား(၃) ဓါတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

အမျိုးအစား	**ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)**	**အသုံးပြုနိုင်မှု (လွယ်/ခက်/လက်လှမ်းမှီ)**
ကာဗွန် (ဓါတ်ငွေ့/ရေနံ)	မရှိ	-
ဓါတ်သတ္တု(ကျောက်မျက် ၊ သတ္တု၊ ကျောက် ၊ ကျောက်မီးသွေး၊သဲ)စသည့်	သင့်	ခက်
အခြားသဘာဝ အရင်းအမြစ်	-	-
တိရစ္ဆာန်မျိုးစိတ်များ	သင့်	လက်လှမ်းမှီ
အပင်မျိုးစိတ်များ(လူ၊တိရစ္ဆာန်တို့အတွက်အသုံးဝင်သော)	သင့်	ခက်
ပျမ်းမျှအပူချိန် - ၃၀ ဒီဂရီ	ပျမ်းမျှမိုးရေချိန် - ၈၅ လက်မ	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု ။

လေ့လာတွေ့ရှိချက် (အခက်အခဲ ၊ စိန်ခေါ်မှုနှင့် အခြား)။ ။
တောတောင်များပေါ်တွင်တည်ရှိနေသောကျေးရွာ ဖြစ်သောကြောင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များမှာလည်း လက်လှမ်းမှီသော အခြေအနေ တွင်တည်ရှိပါသည် ။ သဘာဝဆေးဖက်ဝင်သော အပင်များရှိသော်လည်း ဒေသခံများ၏ အသိအမြင် မကျယ်မှုများကြောင့် တန်ဖိုး မြင့်မားသော အနေအထားတွင် မရှိပါ။ မိုးများသော ဒေသဖြစ်သောကြောင့် လတ်ဆပ်သော သဘာဝအသီး အနှံများကို စားသုံး၍ အားမွေးကြသော ကျေးရွာဖြစ်ပါသည် ။ ကျောက်မီးသွေးနှင့် သံအနည်းငယ်ရှိသော်လည်း ထုတ်ယူသုံးစွဲရာတွင် ခက်ခဲသော အခြေအနေတွင် တည်ရှိပါသည် ။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား(၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား	လုပ်ငန်းတာဝန်	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ(သို့)ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက်
၁	ရိုးရာအဖွဲ့	၁□ ၂□ ၃■	ပညာရေး□ ငွေကြေး ကျန်းမာရေး□ ဘာသာရေး■ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး■ လူမှုဖွံ့ဖြိုးရေး□	သင့်
၂	အမျိုးသမီးအဖွဲ့	၁□ ၂■ ၃□	ပညာရေး□ ငွေကြေး ကျန်းမာရေး■ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး■ လူမှုဖွံ့ဖြိုးရေး■	သင့်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု ၊ အမျိုးသမီး အုပ်စု ။

အုပ်စု အမျိုးအစား

(၁) စီးပွားရေးအခြေခံသော အုပ်စု - လယ်သမားအဖွဲ့ ၊ ငွေစု၊ငွေချေး အဖွဲ့စသည့် ။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့ ၊ လူငယ်အဖွဲ့ ၊ ကိုယ်ထူကိုယ်ထ အဖွဲ့ ။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှု အဖွဲ့ ။

လေ့လာတွေ့ရှိချက် (အခက်အခဲ ၊ စိန်ခေါ်မှုနှင့်အခြား) ။ ။ ကျေးရွာတွင်းရှိ လူမှုရေးအဖွဲ့အစည်းများသည် ဘာသာရေးကို အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သော လုပ်ငန်းများကိုသာ လုပ်ကိုင်ကြသည်ကို တွေ့ ရှိရပါသည်။သီးသန့်လုပ်ငန်းတစ်ခုတည်းကို ဦးစားပေးလုပ်ကိုင်သော အဖွဲ့အစည်းမရှိပါ ။ ဒေသ၏ လိုအပ်ချက် များကို လိုက်လံဖြည့်ဆည်းပေးသည့် အဖွဲ့အစည်းများအနေဖြင့်သာ တည်ရှိနေပါသည်။ ဩဇာလွှမ်းမိုးမှုမှာ ထိုက် သင့်သော အခြေအနေတွင်သာ ရှိပါသည် ။

(၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ် ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၇ ဧကအထက်	၄ဧက မှ ၆ဧက	၂ဧက မှ ၃ဧက	၁ဧက
အိမ်အခြေအနေ	သက်ကယ်မိုး ၊ ဝါးထရံကာ ၊ ဝါးကြမ်းခင်း	သက်ကယ်မိုး ၊ ဝါးထရံကာ ၊ ဝါးကြမ်းခင်း	သက်ကယ်မိုး ၊ ဝါးထရံကာ ၊ ဝါးကြမ်းခင်း	သက်ကယ်မိုး ၊ ဝါးထရံကာ ၊ ဝါးကြမ်းခင်း
ပိုင်ဆိုင်မှု	ဆိုင်ကယ်၊ ဆိုလာ၊ဖုန်း	ဆိုင်ကယ်၊ ဆိုလာ၊ဖုန်း	ဆိုလာ	-
အဓိကစီးပွားရေးလုပ်ငန်း	စိုက်ပျိုးရေး	စိုက်ပျိုးရေး	စိုက်ပျိုးရေး၊ကျပန်း	ကျပန်း
အိမ်ထောင်စု	**၂၀**	**၃၃**	**၃၇**	**၁၀**

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း ။

လေ့လာတွေ့ရှိချက် (အခက်အခဲ ၊ စိန်ခေါ်မှုနှင့် အခြား) ။ ။ ကျေးရွာတွင် နေထိုင်ကြသောမိသားစု၊လူမျိုး များသည် နာဂဒေသလူမျိုးများသာဖြစ်ပါသည်။ နာဂတို့၏ ဓလေ့ထုံးစံအရ နေအိမ်များကို ဆောက်လုပ်ထားကြ သောကြောင့် နေအိမ်များကို ကြည့်ရှုခြင်းဖြင့် စီးပွားရေးအဆင့်အတန်းကို ခွဲခြား၍ မရနိုင်ပါ ။ တောင်ယာမြေ မရှိသော အိမ်ထောင်စုများ ရှိသော်လည်း ဆွေးမျိုးသားချင်း ၊ ညီအစ်ကို မောင်နှမတို့၏ ပိုင်ဆိုင်မှုများမှ ခွဲဝေ လုပ်ကိုင်ကြသောကြောင့် ပိုင်ဆိုင်မှုနေဖြင့် မတည်ရှိသော်လည်း မိသားစုစားဝတ်နေရေးအတွက် အလွန်ခက်ခဲ သော အခြေအနေများတွင် မတည်ရှိပါ ။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား(၆) ကျေးရွာ၏ စိုက်ပျိုးရေးမြေပိုင်ဆိုင်မှု ၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေယာပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	-	-	မြေမဲ့ ယာမဲ့
၂	၂.၅ ဧကအောက်(၁ ဟတ်တာထိ)	၂၇	၂၇ %	ဆင်းရဲသားတောင်းသူ
၃	၂.၅ ဧကမှ ၅ ဧကထိ(၂ ဟတ်တာထိ)	၅၁	၅၁%	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧကကြား (၅ ဟတ်တာထိ)	၂၂	၂၂%	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ ဧကအထက်(၅ ဟတ်တာနှင့်အထက်)	-	-	တောင်သူကြီး
ကျေးရွာရှိ အိမ်ထောင်စု စုစုပေါင်း		**၁၀၀**	**၁၀၀ %**	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု ၊ (၃) မြေယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ။

လေ့လာတွေ့ရှိချက် (အခက်အခဲ ၊ စိန်ခေါ်မှုနှင့်အခြား) ။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ဆောင်ရွက်ကြပါသည် ။ မြေယာပိုင်ဆိုင်သော အိမ်ထောင်စုများပြားပြီး မြေယာပိုင်ဆိုင်ခြင်း မရှိသော အိမ်ထောင်စုမရှိပါ။ စာကျက်မြေများသည် တိရစ္ဆာန်များအတွက် အလွန်အသုံးဝင်သကဲ့သို့ မိသားစု စားနပ်ရိက္ခာ ဖူလုံရေးအတွက် အသီးအနှံများကို စိုက်ပျိုးထားသောကြောင့် လွန်စွာအသုံးတည့်လှပါသည် ။

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဧယား (၇) အဓိက သီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ကေ	တစ်ဧက အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု(နည်း/သင့်/များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျှမ်းမျှ	
စပါး	၄၁၄	တင်း	၃၀	၅၀	၄၀	သင့်
ဟာလာဂျီ	၆	Kg	၂၅	၃၅	၃၀	နည်း
ဂျင်း	-	-	-	-	-	-
ပီလောပီနံ	၀.၈၃	ပိဿာ	၃၀	၅၀	၄၀	သင့်
ပိန်းဥ	-	-	-	-	-	-
နနွင်း	-	-	-	-	-	-
ပဲအမျိုးမျိုး	-	-	-	-	-	-
ပြောင်းဖူး	၂	တင်း	၃၀	၅၀	၄၀	နည်း
ကန်စွန်းဥ	-	-	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု ။

လေ့လာတွေ့ရှိချက် (အခက်အခဲ ၊ စိန်ခေါ်မှုနှင့်အခြား) ။ ။ ကျေးရွာတွင် စပါးကိုသာ အဓိကထား စိုက်ပျိုး ကြပါသည်။ ဟာလာဂျီသည်လည်း ကျေးရွာအတွက် အားထားရသော သီးနှံတစ်ခုအဖြစ် တည်ရှိနေပါသည် ။ ဟာလာဂျီအား သီးသန့်စိုက်ပျိုးသူ နည်းပါးသော်လည်း အလေ့ကျပေါက်ပင်များ ၊ အိမ်တွင်းစိုက်ပျိုးခြင်းများ၊ မြေလွှတ်/လပ်များတွင် စိုက်ပျိုးခြင်းများလည်း ရှိပါသည် ။ဂျင်း ၊ ပိန်းဥ ၊နနွင်း ၊ ပဲအမျိုးမျိုး ၊ ကန်စွန်းဥ များ ကိုစိုက်ပျိုးကြသော်လည်း စီးပွားဖြစ်စိုက်ပျိုးခြင်းမဟုတ်ဘဲ မိသားစုစားသောက်ရေးကိုသာ အဓိကထား စိုက်ပျိုး ကြသည်ကို တွေ့ရှိရပါသည် ။ စိုက်ပျိုးရာတွင် ခေတ်မီစိုက်ပျိုးရေးနည်းလမ်းများကို အသုံးပြုခြင်းမရှိဘဲ မိရိုး ဖလာ စိုက်ပျိုးရေးနည်းလမ်းများကိုသာ အသုံးပြုကြသည်ကို တွေ့ရှိရပါသည် ။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၃၂	၇၂
နို့စားနွား		-
ကျွဲ		-
မြင်း		-
မြည်း		-
လား		-
ဆိတ်	၄	၁၃
သိုး		-
ဝက်	၇၄	၂၉၀
ကြက်	၉၆	၇၀၅
ဘဲ		-
နွားနောက်		-
